ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ

# “ပုဂ္ဂလိကကျောင်းများနှင့်သက်ဆိုင်သော သတင်းအချက်အလက်ကို အခြေခံသည့်မူဝါဒများ ဖြစ်ပေါ်လာစေရန် လေ့လာဆန်းစစ်မှု အစီရင်ခံစာ”

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်

ဤအစီရင်ခံစာနှင့်ပတ်သက်၍ မေးမြန်းလိုသည်များရှိပါက ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်မှုကော်မတီ၊ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် I-13 ၊ ပြည်ထောင်စုလွှတ်တော်ဝင်း၊ နေပြည်တော် သို့မဟုတ် edc@pyithuhluttaw.gov.mm သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ ဖွဲ့စည်းခြင်း | ၂ |
| ၂။ | ကော်မတီ၏လုပ်ပိုင်ခွင့်နှင့် ကျေးဇူးတင်အသိမှတ်ပြုခြင်း | ၃ |
| ၃။ | အစီရင်ခံစာအနှစ်ချုပ် | ၄-၅ |
| ၄။ | နိဒါန်းနှင့် နောက်ခံအချက်အလက် | ၆-၈ |
| ၅။ | ပုဂ္ဂလိကကျောင်းအမျိုးအစား(၄)မျိုးနှင့် တည်ဆဲဥပဒေများပြဋ္ဌာန်းထားရှိမှု | ၈-၁၀ |
| ၆။ | စစ်တမ်းအရတွေ့ရှိချက်များနှင့် မူဝါဒရေးရာအကြံပြုဆွေးနွေးချက်များ | ၁၀-၁၆ |
| ၇။ | ကျောင်းများ၏စီမံအုပ်ချုပ်မှု | |
| | (က) ကြီးကြပ်စစ်ဆေးရေးအဖွဲ့မှကြပ်မတ်ခြင်း(ကျောင်းတွင်းနှင့်ကျောင်းပြင်ပ) | ၁၆-၂၀ |
| | (ခ) ဆရာအတတ်ပညာနှင့် စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကျောင်း၏ထောက်ပံ့မှုအစီအစဉ်များ | ၂၀-၂၂ |
| | (ဂ) ဆရာ၊ဆရာမများနှင့် ဝန်ထမ်းများလိုက်နာရမည့်စံသတ်မှတ်ထားသော အပြုအမူအနေအထားများအား ရေးသားထားသောအစီအစဉ်များ | ၂၂-၂၄ |
| | အကြံပြုချက်များ | ၂၄-၂၆ |
| ၈။ | ပုဂ္ဂလိကပညာရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍မေးမြန်းဆွေးနွေးချက်အကျဉ်းချုပ် | ၂၆-၂၉ |
| ၉။ | ပုဂ္ဂလိကပညာရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍အကြံပြုချက်များ | ၂၉-၃၁ |
| ၁၀။ | နိဂုံး | ၃၁-၃၃ |
| ၁၁။ | မှတ်တမ်းဓါတ်ပုံများ | |

ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ ဖွဲ့စည်းခြင်း

၁။ ပညာရေးမြှင့်တင်မှုကော်မတီကို ပြည်သူတို့၏ပညာရေး တိုးတက်စေရန်အတွက် ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်လိုက်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဥပဒေများနှင့် ညီညွတ်မှုရှိစေရေး စောင့်ကြည့်ထိန်းညှိရန် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

**အဖွဲ့ဝင်များ**

၂။ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် (၁၈) ဦး လေ့လာသူ (၂) ဦးတို့ဖြင့် ဖွဲ့စည်းထားပါသည်။ ကော်မတီအဖွဲ့ဝင် အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဒေါက်တာတင်အောင် | ကျောက်ဆည်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာဆလိုင်းရီယန်းဇဲလ် | ဖလမ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာမောင်သင်း | မိတ္ထီလာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးစောကျော်ဝင်းမောင် | ကျိုက်မရောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးတင်လှ | ခနုဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးရွှေလှ (ခ)ဦးရွှေလှဝင်း | သဃ်န်းကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးမျိုးညွန့် | ဟုမ္မလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးစိန်ဟန် | ကံမမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးဝင်းအောင် | မိုးမောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးမြင့်ထွန်း | တန့်ဆည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးမြင့်ငွေ | ကျောက်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးနန်မွန်ထင် | မချမ်းဘောမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဍ) | ဦးကျော်ရွှေ | ရမ်းဗြဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးချုပ်နေဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးခင်မောင်ရီ | ဟသ်ာတမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဦးသန်းအောင် | ငပုတောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ထ) | ဦးစိုင်းအောင်ကျော် | ကျေးသီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဒ) | ဦးခမ်ခန့်ထန် | တွန်းဇံမဲဆန္ဒနယ် | အတွင်းရေးမှူး |
| (ဓ) | ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မိုး | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ |
| (န) | ဗိုလ်မှူးဇွဲနေဇော် | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ |

## ကော်မတီ၏ လုပ်ပိုင်ခွင့်နှင့်ကျေးဇူးတင်အသိမှတ်ပြုခြင်း

၃။ ကော်မတီသည် လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် လိုအပ်ပါက အစိုးရဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဖိတ်ကြားနိုင်ပြီး သတင်းအချက်အလက်များ ဆွေးနွေး ရယူနိုင်ပါသည်။ ထို့ပြင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို စိစစ်၍ လွှတ်တော်ဥက္ကဋ္ဌ မှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရပါသည်။ ကော်မတီ၏ လုပ်ပိုင်ခွင့် အသေးစိတ်များကို ပြည်သူ့လွှတ်တော် Website ရှိ ကော်မတီ webpage တွင် ဖတ်ရှုနိုင်ပါသည်။

၄။ **“ ပုဂ္ဂလိကကျောင်းများနှင့်သက်ဆိုင်သော သတင်းအချက်အလက်ကို အခြေခံသည့်မူဝါဒများ ဖြစ်ပေါ်လာစေရန် လေ့လာဆန်းစစ်မှုအစီရင်ခံစာ”** အတွက် စုံစမ်းလေ့လာမှုများ ပြုလုပ်ရာတွင် လာရောက်ဖြေကြားကြသူများနှင့် စုံစမ်းလေ့လာမှုဖြစ်မြောက်စေရန်အတွက် အစအဆုံး ကူညီပေးခဲ့သည့် Westminster Foundation for Democracy (WFD) နှင့် ပညာရှင်များ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

## အစီရင်ခံစာအနှစ်ချုပ်

၅။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီသည် ပညာရေးဝန်ကြီးဌာနမှ ရေးဆွဲလျက်ရှိသော ပုဂ္ဂလိကပညာရေးဥပဒေ(မူကြမ်း) နှင့်စပ်လျဥ်း၍ ဥပဒေမပြုမီလေ့လာဆန်းစစ်မှု တစ်ခု ပြုလုပ်ခဲ့ပါသည်။ ထိုဆန်းစစ်မှုရလဒ်အား **"ပုဂ္ဂလိကကျောင်းများနှင့်သက်ဆိုင်သော သတင်းအချက်အလက်ကို အခြေခံသည့်မူဝါဒများ ဖြစ်ပေါ်လာစေရန် လေ့လာဆန်းစစ်မှု အစီရင်ခံစာ"** အဖြစ်တင်ပြထားပါသည်။ ဤအစီရင်ခံစာတွင် ပါဝင်သော အချက်များသည် ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ၏ ကော်မတီအဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏ မဲဆန္ဒနယ်များတွင် ကောက်ယူခဲ့သော စစ်တမ်းများ၏ တွေ့ရှိချက်များ၊ အမျိုးသားပညာရေး မူဝါဒကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ပြုလုပ်သော အစည်းအဝေးများမှ ရရှိသော ရလဒ်များကို အခြေခံ၍ တင်ပြထားခြင်း ဖြစ်ပါသည်။

၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာနမှ ရေးဆွဲထားသော အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (National Education Strategic Plan (NESP) 2016 –2021) အား အောင်မြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်သော ပုဂ္ဂလိကကျောင်းများ၏ အခန်းကဏ္ဍနှင့် လက်ရှိအခြေအနေအား သိရှိနိုင်ရန်အတွက် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီသည် ကျောင်း၏စီမံအုပ်ချုပ်မှုနှင့် သက်ဆိုင်သော အောက်ပါအချက်များအား အဓိကထား၍ လေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့ပါသည်–

(က) ကြီးကြပ်စစ်ဆေးရေးအဖွဲ့မှ ကြပ်မတ်ခြင်း (ကျောင်းတွင်းနှင့်ကျောင်းပြင်ပ)

(ခ) ဆရာအတတ်ပညာရေးနှင့် စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျောင်း၏ ထောက်ပံ့မှု အစီအစဉ်များ

(ဂ) လိုက်နာရမည့် စံသတ်မှတ်ထားသော အပြုအမူအနေအထားများအား ရေးသားထားသော သတ်မှတ်ချက်များ (Code of Conduct)။

၇။ အချက်အလက်အပေါ်တွင် အခြေခံသော မူဝါဒ အကြံပြုလေ့လာဆန်းစစ်မှု ဖြစ်စေရန် အတွက် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ သက်ဆိုင်ရာကော်မတီများနှင့် တွေ့ဆုံ ဆွေးနွေးမှု အစည်းအဝေးများ ပြုလုပ်ခြင်းနှင့် ပုဂ္ဂလိကကျောင်း ကိုယ်စားပြုပုဂ္ဂိုလ်များနှင့် တွေ့ဆုံစစ်တမ်း ကောက်ယူ၍ သုတေသန ပြုလုပ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ သုတေသနအား အောက်ဖော်ပြပါ ကျောင်းအမျိုးအစား (၄) မျိုးပေါ်တွင် အခြေခံ၍ ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်–

(က) ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်း၊

(ခ) ပုဂ္ဂလိက ဘာသာရပ်သင်ကျောင်း၊

(ဂ) ပုဂ္ဂလိက နိုင်ငံတကာ K–12 သင်ရိုးသင်ကျောင်း၊

(ဃ) ပုဂ္ဂလိက နိုင်ငံတကာ အဆင့်မြင့်ပညာရေးသင်ကျောင်း။

၈။ စစ်တမ်းမှတစ်ဆင့် တွေ့ရှိသည့် အဓိကအချက်များမှာ–

(က) ကြီးကြပ်စစ်ဆေးရေးအဖွဲ့မှ ကြပ်မတ်ခြင်း (ကျောင်းတွင်းနှင့်ကျောင်းပြင်ပ) အားနည်းလျက် ရှိပါသည်။

(ခ) ကျောင်း၏ စီမံအုပ်ချုပ်မှု အစီအစဉ်များတွင် ဆရာ/မများ၏ အတတ်ပညာဖွံ့ဖြိုး တိုးတက်ရေးအတွက် ထောက်ပံ့မှု အစီအစဉ်များသည် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်ရန် ပညာရေးဝန်ကြီးဌာနနှင့် လက်တွဲဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။

(ဂ) ပုဂ္ဂလိက နိုင်ငံတကာ KG–12 သင်ရိုးသင်ကျောင်းနှင့် ပုဂ္ဂလိက နိုင်ငံတကာ အဆင့်မြင့် ပညာရေးသင်ကျောင်းများ၏ အရည်အသွေးအား ထိထိရောက်ရောက် ကြပ်မတ်နိုင်သည့် ပညာအရည်အသွေး စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ လျင်လျင်မြန်မြန် အကောင်အထည်ဖော်နိုင်ရန် လိုပါသည်။

(ဃ) တက်ရောက်သင်ကြားနေသော (၁၈) နှစ်အောက် ကလေးသူငယ်များ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ လုံခြုံရေးအား Code of Conduct for Child

Safeguarding အစီအစဉ်များဖြင့် အကာအကွယ်ပေး စောင့်ရှောက်ရန် လိုအပ်နေပါသည်။

## နိဒါန်းနှင့် နောက်ခံအချက်အလက်

၉။ ဥပဒေမပြုမီ လေ့လာဆန်းစစ်ခြင်းသည် ချမှတ်မည့် မူဝါဒများ သို့မဟုတ် ဥပဒေများတွင် ပြည်သူ့သဘောထား ထင်ဟပ်ပေါ်လွင်စေရန်အတွက် အထောက်အကူပြုပါသည်။ အထူးသဖြင့် ဥပဒေမူကြမ်းအနေဖြင့် လွှတ်တော်သို့ တင်ပြခြင်းမပြုမီတွင်ပင် ပြည်သူနှင့်သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ သဘောထားများ၊ ဥပဒေပါ အကြောင်းအရာများ၏ ပကတိအခြေအနေများအား သုတေသနပြုမှု နည်းလမ်းအမျိုးမျိုး (စစ်တမ်းကောက်ယူခြင်း၊ သဘောထားအမြင် ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ အင်တာဗျူးမေးမြန်းခြင်း) ဖြင့် ရှာဖွေစုဆောင်းထားရှိပြီး တင်ပြလာသော ဥပဒေမူကြမ်းနှင့် ချိတ်ဆက်ဆန်းစစ်ရန် ဖြစ်သည်။

၁၀။ ဥပဒေကြမ်းအား တင်ပြလာသော ဥပဒေ (မူကြမ်း) တင်သွင်းသော ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအား ထိုသို့သော ဆန်းစစ်တွေ့ရှိချက်များ၊ အကြံပြုချက်များအား ပြန်လည်ဆွေးနွေး အသိပေးရန် ဖြစ်ပါသည်။ ထိုတွေ့ရှိချက်များသည်လည်း မူလတင်သွင်းလာသော သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ထည့်သွင်းစဉ်းစားထားရန် လစ်ဟင်းသွားသောအချက်များ၊ သုတေသန ဆက်လက်လုပ်ဆောင်ရန် လိုသောအချက်များ၊ မူဝါဒပြုပြင် ပြောင်းလဲရေးအတွက် အထောက်အကူပေးသော အချက်များဖြစ်ပါက သက်ဆိုင်ရာအဖွဲ့အစည်းအနေဖြင့် အကျိုးရှိစေပါသည်။ ဥပဒေမပြုမီ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်သည် ဥပဒေပြုအဖွဲ့ အစည်းဖြစ်သော လွှတ်တော်ကော်မတီများ၏ အခန်းကဏ္ဍကို ပိုမိုအားကောင်းစေပြီး လွှတ်တော်တစ်ရပ်လုံး၏ စွမ်းရည်ကိုလည်း မြှင့်တင်ပေးရာ ရောက်ပါသည်။

၁၁။ ယေဘုယျအားဖြင့် ဥပဒေပြုအဖွဲ့က ဥပဒေပြဋ္ဌာန်းခြင်းမပြုမီ စုံစမ်းလေ့လာမှုပြုလုပ်ခြင်းသည် ဥပဒေပြုရာတွင် အောက်ပါအချက်များကို အထောက်အကူ ရရှိစေပါသည်။

(က) ဥပဒေမူကြမ်း သို့မဟုတ် ဥပဒေပြုမှုဖြစ်စဉ်တွင် ပြင်ပရှိ ပြည်သူတစ်ဦးချင်း သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းများအား ထည့်သွင်းဆက်ဆံဆွေးနွေးစေခြင်းဖြင့် အများလက်ခံသောဥပဒေကြမ်းအပြင် လွှတ်တော်အတွင်း ဆွေးနွေးမှု ထိရောက်စေရန်။

(ခ) ဥပဒေမူကြမ်း ရေးဆွဲရာတွင် ထည့်သွင်းသင့်သည့် အချက်အလက်များအား ပံ့ပိုးနိုင်စေရန်။

(ဂ) ဥပဒေကို မူကြမ်းအဆင့်တွင် ပြင်ဆင်နိုင်ပြီး ပိုမိုအားကောင်းသော ဥပဒေတစ်ခု ရရှိစေရန်

၁၂။ ဤ**"ပုဂ္ဂလိကကျောင်းများနှင့်သက်ဆိုင်သော သတင်းအချက်အလက်ကို အခြေခံသည့် မူဝါဒများ ဖြစ်ပေါ်လာစေရန် လေ့လာဆန်းစစ်မှု အစီရင်ခံစာ"** သည် ပုဂ္ဂလိကကျောင်းများနှင့် သက်ဆိုင်သော ဥပဒေမပြုမီ အထက်ဖော်ပြပါ အချက်များနှင့် ကိုက်ညီသော ကောင်းမွန်သည့် ဥပဒေတစ်ရပ် ထွက်ပေါ်လာစေရန် ရည်ရွယ်ပါသည်။ ဤအစီရင်ခံစာသည် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ ကော်မတီအဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ်များမှ ၎င်းတို့၏ မဲဆန္ဒနယ်များတွင် ကောက်ယူခဲ့သော စစ်တမ်းများ၏ တွေ့ရှိချက်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြုလုပ်သော အစည်းအဝေးရလဒ်များနှင့် သက်ဆိုင်ရာ အကျိုးခံစားခွင့် ရရှိမည်ဖြစ်သော ပြည်သူ့အဖွဲ့အစည်းများနှင့် တွေ့ဆုံနှီးနှောခြင်းမှ ရရှိသော အချက်များကို အခြေခံ၍ တင်ပြထားခြင်းဖြစ်ပါသည်။

၁၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာနမှ ရေးဆွဲထားသော အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (National Education Strategic Plan2016–2021,NESP) အား အောင်မြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်သော ပုဂ္ဂလိကကျောင်းများ၏ အခန်းကဏ္ဍနှင့် လက်ရှိအခြေအနေအား သိရှိနိုင်ရန်အတွက် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက ကျောင်း၏စီမံ

အုပ်ချုပ်မှုနှင့်သက်ဆိုင်သော အောက်ပါအချက်များအား အဓိကထား၍ လေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

(က) ကြီးကြပ်စစ်ဆေးရေးအဖွဲ့မှကြပ်မတ်ခြင်း(ကျောင်းတွင်းနှင့်ကျောင်းပြင်ပ)။

(ခ) ဆရာအတတ်ပညာရေးနှင့် စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျောင်း၏ ထောက်ပံ့မှု အစီအစဉ်များ။

(ဂ) လိုက်နာရမည့် စံသတ်မှတ်ထားသော အပြုအမူအနေအထားများအား ရေးသားထားသော သတ်မှတ်ချက်များ။ (Code of Conduct)

၁၄။ ထိုအချက်များအပေါ်တွင် အခြေခံသော လေ့လာဆန်းစစ်မှုကို အောက်ဖော်ပြပါ ပုဂ္ဂလိက ကျောင်းအမျိုးအစားများတွင် ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်–

(က) ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်း၊

(ခ) ပုဂ္ဂလိက ဘာသာရပ်သင်ကျောင်း၊

(ဂ) ပုဂ္ဂလိက နိုင်ငံတကာ K–12 သင်ရိုးသင်ကျောင်း၊

(ဃ) ပုဂ္ဂလိက နိုင်ငံတကာ အဆင့်မြင့်ပညာရေးသင်ကျောင်း။

၁၅။ ပုဂ္ဂလိကကျောင်းအမျိုးအစား (က)နှင့်(ခ) မှ ရရှိသောအချက်အလက်များသည် NESP ၏ အခန်း(၅)၊ **"၂၁ရာစုအတွက် အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများ"** ခေါင်းစဉ်အောက်ရှိ အခန်းခွဲ (၅.၂.၂) တွင် ပါရှိသော **"မဟာဗျူဟာနှင့် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေခြင်း"** ဟူသော အပိုင်းအတွက် အထောက်အကူ ပြုနိုင်ပါသည်။ ထိုအခန်းခွဲ (၅.၂.၂) တွင် **"ဤမဟာဗျူဟာတွင် အစိုးရမဟုတ်သော လုပ်ကိုင်ဆောင်ရွက်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အစိုးရ၊ ပုဂ္ဂလိက နှင့် ပူးပေါင်းဆောင်ရွက်ခြင်း (Public–Private–Partnership–PPP) ဒေသတွင်း၊ ဒေသဆိုင်ရာ အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မိဘ၊ ရပ်ရွာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို အလေးထား ဆောင်ရွက်မည်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာနသည် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကို အကောင်အထည်ဖော်မည်ဖြစ်ပါသည်။"** (စာ–၁၀၃)

၁၆။ ဤလေ့လာဆန်းစစ်မှု၏ တွေ့ရှိချက်များသည် ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများတွင် ပညာရေးဝန်ဆောင်မှုပေးသူအမျိုးမျိုး၏ ပါဝင်ဆောင်ရွက်မှုကို ပံ့ပိုးရန်အတွက်သာမက လိုအပ်သော ယန္တရားတစ်ခုကို ဖော်ထုတ်ရန်အတွက်လည်း အထောက် အကူ ရရှိစေရန် ဖြစ်သည်။ ထို့အပြင် အခန်း(၅.၂.၃) “ **မဟာဗျူဟာ (၃) ထောက်ခံအားပေးမှု ရယူခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း** ”၊ လုပ်ငန်းအစီအစဉ်(၂) “ **ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများနှင့် ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူတို့၏ သဘောထားအမြင်များကို လေ့လာမှုပြုလုပ်ခြင်း** ” အား အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိကကျောင်းများ၏ ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်နှင့် ကျောင်းများ၏ လက်ရှိ အခြေအနေနှင့် သဘောထားများကို သိရှိရန် လိုအပ်ပါသည်။

## ပုဂ္ဂလိကကျောင်းအမျိုးအစား (၄) မျိုးနှင့် တည်ဆဲဥပဒေများ ပြဋ္ဌာန်းထားရှိမှု

၁၇။ ပုဂ္ဂလိကကျောင်းအမျိုးအစားအလိုက် ပညာသင်ကြားရေးသည် တည်ဆဲဥပဒေနှင့် အညီ ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စစ်ဆေးကြီးကြပ်ခြင်း စသည်တို့ ရှိရမည်ဖြစ်ရာ ဖော်ပြပါ ပုဂ္ဂလိကကျောင်းအမျိုးအစား(၄)မျိုးနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများကို လေ့လာရာတွင် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းအတွက် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄/၂၀၁၁) ဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ဘာသာရပ်သင် ကျောင်းအတွက် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေ (အမှတ်၆/ ၁၉၈၄) ဖြင့်လည်းကောင်း ပြဋ္ဌာန်းချက်များ ရှိပါသည်။

၁၈။ သို့ရာတွင် ပုဂ္ဂလိကနိုင်ငံတကာ K-12 သင်ရိုးသင်ကျောင်းနှင့် ပုဂ္ဂလိက နိုင်ငံတကာ အဆင့်မြင့်ပညာရေးသင်ကျောင်းများအတွက် ပညာရေးဆိုင်ရာ တည်ဆဲဥပဒေများ မရှိသဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ပညာရေးဝန်ဆောင်မှုလုပ်ကိုင်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်၍ ဆောင်ရွက်နေကြောင်း သိရှိရပြီး ပုဂ္ဂလိကကျောင်းအမျိုးအစား (ဂ) နှင့် (ဃ) တို့ကိုလည်း ပညာရေးဝန်ကြီးဌာနက စီမံခန့်ခွဲသည့် တည်ဆဲဥပဒေ ရှိသင့်ကြောင်း တွေ့ရှိရပါသည်။

၁၉။ ပုဂ္ဂလိကကျောင်းအမျိုးအစား (ဂ) နှင့် (ဃ)များသည် ယခုအစီရင်ခံစာအတွက် စစ်တမ်းကောက်ယူပြီးချိန်အထိ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (Directorate of Investment and Company Administration) အောက်တွင် မှတ်ပုံတင်ထားသော ကျောင်းအမျိုးအစားများ ဖြစ်ပါသည်။ သတင်းရင်းမြစ်များအရ ၂၀၁၅ မှစ၍ ပညာရေးဝန်ကြီးဌာနသည် ပုဂ္ဂလိပညာရေးဥပဒေ ပေါ်ပေါက်လာစေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရှိရပါသည်။ ထို့ကြောင့် ပညာရေးမြှင့်တင်မှုကော်မတီအနေဖြင့် ဥပဒေပြုအဖွဲ့က ဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီ စုံစမ်းလေ့လာမှုအနေဖြင့် ပိုမိုကောင်းမွန်သော ဥပဒေတစ်ရပ် ဖြစ်လာစေရန် ရည်ရွယ်ပါသည်။ လေ့လာဆန်းစစ်ချက်မှ ရရှိသည့် ပုဂ္ဂလိကကျောင်းအမျိုးအစား (ဂ)နှင့် (ဃ) တို့နှင့်ပတ်သက်သော အချက်အလက်များသည် **“မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan, 2018– 2030)”** ၏ ရည်မှန်းချက်(၄.၁.၉) **“ကျောင်းပြင်ပ ပညာရေးဝန်ဆောင်မှုနှင့် အခြားပညာရေးဝန်ဆောင်မှုတို့၏ အရည်အသွေးများ တိုးမြှင့်ခြင်းနှင့် အဆိုပါဝန်ဆောင်မှုများကို ပိုမိုကျယ်ပြန့်စွာ ရရှိစေရေး ဆောင်ရွက်ရန်”** ဟူသော လုပ်ငန်းစဉ်အတွက် အထောက်အကူရရှိစေရန် ဖြစ်ပါသည်။ (MSDP, စာ – ၇၂)

၂၀။ ထိုပညာရေးဝန်ဆောင်မှုများ၏ အရည်အသွေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ကြီးကြပ်စစ်ဆေးမှုများ ပြုလုပ်နိုင်သည့် ခိုင်မာသည့် မူဘောင်များ၊ လမ်းညွှန်မှုများ ဖော်ဆောင်ရာတွင် အထောက်အကူပြု ရရှိစေရန် ဖြစ်ပါသည်။ အခြေခံပညာ ပြုပြင်ပြောင်းလဲရေးတွင် အဓိက စိန်ခေါ်မှုဖြစ်နိုင်သော သင်ရိုးသစ်ပြောင်းလဲမှုနှင့် စီမံခန့်ခွဲမှုများတွင် လိုက်လျောညီထွေရှိစေမည့် လူသားအရင်းအမြစ်များသည် ပုဂ္ဂလိကကဏ္ဍတွင် ရှိ/ မရှိအား ဆန်းစစ်နိုင်ရန် လိုအပ်ပါသည်။ တစ်နည်းဆိုရာတွင် ကျောင်းများရှိ ဆရာ/မများနှင့် ဝန်ထမ်းများ၏ အခန်းကဏ္ဍကို စောင့်ကြည့်ပံ့ပိုးမည့် ယန္တရားနှင့် အစီအစဉ်များ ရှိ/မရှိ သိရှိရန် လိုအပ်ပါသည်။ ဤအချက်များကို ဖော်ထုတ်ရန်အတွက် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီမှ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျောင်း၏ စီမံအုပ်ချုပ်မှု

၂၁။ ကျောင်းအုပ် သို့မဟုတ် ကျောင်းအုပ်ချုပ်ရေးမှူးများ၏ စီမံအုပ်ချုပ်မှုတွင် အတွင်း အရည်အသွေးအာမခံမှု (Internal Quality Assurance,IQA) အစီအစဉ် ရှိ/မရှိ၊ ထိုအာမခံမှုအား ကြီးကြပ်ပေးမည့် ပြင်ပအဖွဲ့အစည်းများ (External Inspection Body) နှင့် ချိတ်ဆက်ထားခြင်း ရှိ/မရှိ၊ ဆရာ၊ ဆရာမများ၏ အတတ်ပညာ စဉ်ဆက်မပြတ်တိုးတက်ရေးအတွက် ပံ့ပိုးပေးမည့် အစီအစဉ်များ ရှိ/မရှိ နှင့် ကျောင်း၏ သင်ကြားရေးနှင့် အခြားအဆင့်ဝန်ထမ်းများ၏ လိုက်နာကျင့်သုံးရမည့် စံသတ်မှတ်ချက်များ ရှိ/မရှိ သိရှိရန် ဖြစ်ပါသည်။

စစ်တမ်းအရတွေ့ရှိချက်များနှင့် မူဝါဒရေးရာအကြံပြုဆွေးနွေးချက်များ

၂၂။ ပညာရေးမြှင့်တင်မှုကော်မတီအဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် ရပ်နားချိန်တွင် ၎င်းတို့၏မဲဆန္ဒနယ်များရှိ ပုဂ္ဂလိကကျောင်းများ၏ ကျောင်းအုပ်များ၊ ဆရာ/ ဆရာမများနှင့် အုပ်ချုပ်ရေးမှူးများအား စစ်တမ်းများ ဖြေဆိုစေခြင်းဖြင့် ဤအစီရင်ခံစာအတွက် အောက်ပါအချက်အလက်များ ရရှိစေခဲ့ပါသည်။

**စစ်တမ်းဖြေဆိုသူများ၏ တည်နေရာပြဇယား**

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ်/ကျေးရွာ | ဖြေဆိုသူ | | | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား/မ မဖော်ပြသူ | ပေါင်း |
| ၁ | ဧရာဝတီတိုင်းဒေသကြီး | ဘိုကလေး၊ဟင်္သာတ | ၆ | ၂ | ၀ | ၈ |
| ၂ | ပဲခူးတိုင်းဒေသကြီး | ပြည်၊ တောင်ငူ | ၄ | ၁ | ၀ | ၅ |
| ၃ | ချင်းပြည်နယ် | မင်းတပ် | ၄ | ၀ | ၀ | ၄ |
| ၄ | ကယားပြည်နယ် | လွိုင်ကော် | ၂ | ၃ | ၀ | ၅ |
| ၅ | မကွေးတိုင်းဒေသကြီး | ချောက်၊ ကံမ၊ မင်းလှ၊ မင်းတုန်း၊ သရက်၊ နတ်မောက်၊ မကွေး၊ ပခုက္ကူ | ၁၇ | ၁၉ | ၀ | ၃၆ |

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ်/ကျေးရွာ | ဖြေဆိုသူ | | | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား/မ မဖော်ပြသူ | ပေါင်း |
| ၆ | မန္တလေးတိုင်းဒေသကြီး | ပြင်ဦးလွင်၊ကျောက်ပန်းတောင်း၊ ညောင်ဦး၊ | ၄ | ၁၀ | ၀ | ၁၄ |
| ၇ | နေပြည်တော် ပြည်ထောင်စုနယ်မြေ | ပျဉ်းမနား၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိ၊ လယ်ဝေး၊ | ၃ | ၂ | ၂ | ၇ |
| ၈ | ရခိုင်ပြည်နယ် | စစ်တွေမြို့ | ၀ | ၃ | ၀ | ၃ |
| ၉ | စစ်ကိုင်းတိုင်းဒေသကြီး | မြင်းမူ၊ စစ်ကိုင်း၊ ရေဦး၊ မြောင် | ၁၀ | ၄ | ၂ | ၁၆ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး | ဗဟန်း၊ လှိုင်၊ လှိုင်သာယာ၊ လှည်းကူး၊ မှော်ဘီ၊ အင်းစိန်၊ ထန်းတပင်၊ ကမာရွတ်၊ ကျောက်တံတား၊ မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ၊ စမ်းချောင်း၊ ရွှေပြည်သာ၊ တိုက်ကြီး၊ တာမွေ၊ ရန်ကင်း | ၃၅ | ၅၂ | ၀ | ၈၇ |
| | **ဖြေဆိုသူစုစုပေါင်း** | | **၈၅** | **၉၆** | **၄** | **၁၈၅** |

၂၃။ ဤအစီရင်ခံစာပါ အချက်အလက်များရရှိရန် ပညာရေးမြှင့်တင်မှုကော်မတီအဖွဲ့ဝင် ကိုယ်စားလှယ်များသည် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ-ဖေဖော်ဝါရီလအတွင်း စစ်တမ်း (survey) ကောက်ခံခဲ့ရပြီး ၎င်းတို့၏ မဲဆန္ဒနယ်များနှင့် နီးစပ်ရာ မဲဆန္ဒနယ်များတွင်သာ ကောက်ခံထားခြင်း ဖြစ်သောကြောင့် တစ်နိုင်ငံလုံး ကိုယ်စားပြုနိုင်ခြင်း မရှိပါ။ သို့သော် ထိုစစ်တမ်းသည် ဖြေဆိုသူ (ကျောင်းအုပ်များ၊ ဆရာ/မများနှင့်အုပ်ချုပ်ရေးမှူးများ) (၁၈၅)ယောက်နှင့် ပုဂ္ဂလိကကျောင်းအမျိုးအစား (၄) မျိုးအား ကိုယ်စားပြုသောကြောင့် လက်ခံနိုင်ဖွယ်ရှိသော သတင်းအချက်အလက် အရေအတွက်ရှိသည်ဟု ယုံကြည်နိုင်ပါသည်။ စစ်တမ်းပါကျောင်းများတွင်

တက်ရောက် သင်ကြားနေသော ကျောင်းသားအရေအတွက် စုစုပေါင်း (၃၂၉၇၂) ယောက် ရှိပါသည်။

၂၄။ အထူးပြုပြောကြားလိုသည်မှာ ဤစစ်တမ်းသည် အထက်တွင် ဖော်ပြထားသကဲ့သို့ အချိန်၊ လူအရင်းအမြစ် အထောက်အပံ့ အကန့်အသတ်တွင် ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ အစီရင်ခံစာ၏ သဘောသဘာဝသည် မူဝါဒအကြံပြုစာတမ်းပုံစံ ဖြစ်ပြီး ဘာသာရပ် အထူးပြု သုတေသနစာတမ်းနှင့် သဘောသဘာဝ ကွဲပြားနိုင်ပါသည်။ မူဝါဒအကြံပြု လေ့လာဆန်းစစ်မှု ဖြစ်သောကြောင့် ပုဂ္ဂလိကကျောင်းများ၏ လက်ရှိ ပကတိအခြေအနေအား ဆန်းစစ်သည့် အခြေခံ အချက်အလက်များအား လေ့လာမှု (baseline study) အဖြစ် ရေးသားထားခြင်း ဖြစ်ပါသည်။ ထို့လေ့လာမှုမှ ရရှိသော အချက်အလက်များသည် ပုဂ္ဂလိကကျောင်းများဥပဒေ မပြဋ္ဌာန်းမီတွင် ပုဂ္ဂလိကကျောင်းများနှင့် သက်ဆိုင်သော လက်ရှိ အခြေအနေများကို ဆန်းစစ်နိုင်ရန်အတွက် အသုံးဝင်ပါသည်။ ထိုအချက်အလက်များသည် ဥပဒေပြုခြင်းအတွက်သာမက ပညာရေးဝန်ကြီးဌာန၏ သက်ဆိုင်ရာကော်မရှင်များ၊ ကော်မတီများမှ ချမှတ်ထားသည့်မူဝါဒများ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုရန်နှင့် ဆက်လက်၍ ချမှတ်လိုသော မူဝါဒရေးရာကဏ္ဍများအား ဖော်ထုတ်နိုင်ရန် ဖြစ်ပါသည်။ ဤ baseline study မှတစ်ဆင့် ပညာရေးမူဝါဒများ၏ တစ်ခုနှင့်တစ်ခုကြားရှိ ချိတ်ဆက်ရန် ကွာဟနေမှုများအား gap analysis tool များဖြင့် ဆက်လက် လုပ်ဆောင်၍ မူဝါဒများ အားကောင်းစေရန် ချိတ်ဆက်ဆောင်ရွက်ရန်အတွက်လည်း အထောက်အကူပြုနိုင်ပါသည်။

၂၅။ ကော်မတီက ကောက်ခံခဲ့သောစစ်တမ်းတွင် ကဏ္ဍကြီးပေါင်း (၈) ခု ပါဝင်ပါသည်။ ၎င်းတို့မှာ -

(က) ဖြေဆိုသူ၏ နောက်ခံအချက်အလက်၊

(ခ) ကျောင်း၏နောက်ခံအချက်အလက်၊

(ဂ) ကျောင်းများ၏စီမံအုပ်ချုပ်မှု၊

(ဃ) ဆရာ/မများအပေါ် ချီးမြှောက်အသိအမှတ်ပြုမှု၊

(င) ကျောင်းနှင့် သက်ဆိုင်သည့် အရင်းအမြစ်များ၊

(စ) ဆရာ/မများ၏ လုပ်ငန်းခွင်ဆိုင်ရာ အခြေအနေများ၊

(ဆ) ဆရာအတတ်ပညာဆိုင်ရာ အခြေအနေများ၊

(ဇ) သင်ကြားရေးဆိုင်ရာ ဝန်ထမ်းများနှင့် ပတ်သက်သည့် သတ်မှတ်ချက်များအား သိရှိနိုင်ရေး စသည်တို့ ဖြစ်ပါသည်။

၂၆။ စစ်တမ်းတွင်အသုံးပြုထားသည့် questionnaire မေးခွန်းတိုများအား ဖြေဆိုသူများသည် စစ်တမ်း၏ အဓိကကဏ္ဍကြီးများ၌ ပါဝင်သော အကြောင်းအရာဆိုင်ရာ ကျိုးကြောင်းညီညွတ်မှု (Content Validity) ရှိစွာ ဖြေကြားထားခြင်း ရှိ/မရှိ သိစေနိုင်သော နည်းလမ်းများအား သုံးထားပါသည်။

၂၇။ ဖြေဆိုပေးကြသော ကျောင်းများတွင် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းတစ်ကျောင်းနှင့် ပုဂ္ဂလိက နိုင်ငံတကာ အဆင်မြင့်ပညာသင် ကျောင်းတစ်ကျောင်းတို့သည်သာ အကျိုးအမြတ် မယူသော ကျောင်းများဖြစ်ပြီး ကျန်ပုဂ္ဂလိကကျောင်းများသည် အခငွေကြေးယူသော ကျောင်းအမျိုးအစား များ ဖြစ်ကြပါသည်။ စစ်တမ်းတွင်ပါသော ကျောင်းအမျိုးအစား (၄)မျိုးမှာ –

(က) ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်း၊

(ခ) ပုဂ္ဂလိက ဘာသာရပ်သင်ကျောင်း၊

(ဂ) ပုဂ္ဂလိက နိုင်ငံတကာ K–12 သင်ရိုးသင်ကျောင်း၊


(ဃ) ပုဂ္ဂလိက နိုင်ငံတကာ အဆင့်မြင့်ပညာရေးသင်ကျောင်းများ ဖြစ်ပါသည်။

၂၈။ ကျောင်းအမျိုးအစား (က) နှင့် (ခ)သည် အစိုးရ၏အခြေခံပညာ သင်ရိုးညွှန်းတမ်းများ အတိုင်း သင်ကြားသော ကျောင်းများဖြစ်ပြီး၊ ကျောင်းအမျိုးအစား (ဂ) သည် နိုင်ငံတကာ သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားသော အခြေခံပညာကျောင်းများ ဖြစ်ပါသည်။ ကျောင်းအမျိုး

အစား (ဃ)သည် ဘွဲ့ကြို/လွန်အဆင့် (ဒီပလိုမာ၊ အဆင့်မြင့်ဒီပလိုမာ ချီးမြှင့်သော) နိုင်ငံတကာ အဆင့်မြင့်ပညာရေးသင်ကျောင်းများ ဖြစ်ပါသည်။


၂၉။ ထိုကျောင်းများအနက် အစိုးရ၏ အခြေခံပညာ သင်ရိုးညွှန်းတမ်းများနှင့်အညီ သင်ကြားသော ကိုယ်ပိုင်ကျောင်းများတွင် သင်ကြားနေသော ကျောင်းသားဦးရေမှာ အများဆုံးဖြစ်ပြီး နိုင်ငံတကာ အဆင့်မြင့်ပညာသင်ကျောင်းများတွင် သင်ကြားနေသူ အရေအတွက်မှာ အနည်းဆုံး ဖြစ်ပါသည်။ (ကားချပ် – ၁)

**ကားချပ် (၁) ကိုယ်ပိုင်ကျောင်းအလိုက် တက်ရောက်သည့် ကျောင်းသားအရေအတွက်**




၃၀။ ပုဂ္ဂလိကကျောင်းအမျိုးအစား(ခ)ဖြစ်သော ဘာသာရပ်သင်ကျောင်းတွင် တက်ရောက်နေသူပေါင်းမှာ စစ်တမ်းပါကျောင်း စုစုပေါင်း၏ ၁၅% သာရှိပြီး အမျိုးအစား(က)ဖြစ်သော ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းတွင်မူ ၆၈% ရှိပါသည်။ ထို့ကြောင့် စစ်တမ်းအရ တွေ့ရှိရသည်မှာ အစိုးရ သင်ရိုးညွှန်းတမ်းနှင့်အညီ သင်ကြားရသော ကျောင်းအမျိုးအစား (က)နှင့် (ခ)တို့၏ ကွာဟချက်မှာ ၅၃% ရှိပါသည်။ (ကားချပ်–၂)

## ကားချပ် (၂) ကိုယ်ပိုင်ကျောင်းအမျိုးအစား




၃၁။ ထိုစစ်တမ်းအရ တွေ့ရှိရသည်မှာ ကျောင်းသားများသည် အစိုးရကျောင်းများတွင် တက်ရောက်သင်ကြားပြီး အားနည်းသည့် ဘာသာရပ်အလိုက် ဘာသာရပ်သင်ကျောင်းများတွင် ထပ်ဆောင်း သင်ကြားခြင်းထက် ကိုယ်ပိုင်ကျောင်းများတွင် တက်ရောက် သင်ကြားနေသော ကျောင်းသားဦးရေ ပိုများနေသည်ကို ပြသနေပါသည်။

၃၂။ ဆန်းစစ်ချက်များအရ တွေ့ရှိရသည်မှာ အစိုးရကျောင်းများတွင် တက်ရောက်ခြင်း မရှိတော့ဘဲ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများတွင် တက်ရောက်သူများပြားလာပါက အစိုးရ ကျောင်းများတွင် တက်ရောက်သော ကျောင်းသားဦးရေ လျော့နည်းလာနိုင်ပါသည်။ သို့ဖြစ်ပါက အစိုးရကျောင်းများတွင် ကျောင်းသားဦးရေ မပြည့်မီဘဲ ပိတ်သိမ်းလာရမည့် အခြေအနေကို ကြုံတွေ့ရနိုင်ပါသည်။ ဤစာတမ်းပါ ( ၅၃ %) ကွာခြားချက်အရ ကောက်ချက်ချခြင်းသည် မှန်ကန်နိုင်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ပိတ်သိမ်းခဲ့ရသော သင်္ဃန်းကျွန်းမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်း အမှတ် (၁) နှင့် (၃၇)၊ လမ်းမတော်မြို့နယ်ရှိ အမှတ် (၃) နှင့် (၄)၊ လသာမြို့နယ်ရှိ အမှတ် (၃)၊ မရမ်းကုန်းမြို့နယ်ရှိ အမှတ် (၂၇)၊ တာမွေမြို့နယ်ရှိ အမှတ် (၂၇) ဖြစ်စဉ်တို့မှာ သက်သေခံနေပါသည်။

၃၃။ ဤနေရာတွင် မည်သည့် အခြေခံအချက်များ ဥပမာ– ကျောင်းသားများ၏ လူမှုစီးပွား အခြေခံများ ကွာခြားချက်၊ ပုဂ္ဂလိကကျောင်းများနှင့် အစိုးရကျောင်းများမှ ပေးသော ဝန်ဆောင်မှုများ ကွာဟချက်၊ မိဘများနှင့် လူမှုအသိုင်းအဝိုင်းမှ အစိုးရကျောင်းများအပေါ် ရှုမြင်လက်ခံ ထားသော အခြေအနေ စသည့်အချက်များက ဤကဲ့သို့ ကွာဟမှုကို ဖြစ်ပေါ်စေသည် သို့မဟုတ် အဘယ့်ကြောင့် အစိုးရကျောင်းများတွင် တက်ရောက်ခြင်း မရှိတော့ဘဲ ပုဂ္ဂလိကကျောင်းများ၊ အထူးသဖြင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများတွင် ပြောင်းလဲအပ်နှံသည့် အခြေအနေတစ်ရပ် ပေါ်ထွက်လာရသည် စသည်ဖြင့် အသေးစိတ် သုတေသန လုပ်ဆောင်ရန် လိုအပ်ပါလိမ့်မည်။ သို့သော် အထက်တွင် ဖော်ပြထားသည့်အတိုင်း ဤလေ့လာဆန်းစစ်မှုသည် ပုဂ္ဂလိကကျောင်း များ၏ လက်ရှိအနေအထားအား သိရှိပြီး ထိုအနေအထားများအတွက် ပညာရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂလိကကျောင်းများ၏ အဓိက ပါဝင်ပတ်သက်သူများ (stakeholders) ဖြစ်သော ကျောင်းသူ/ ကျောင်းသားများ နှင့် ၎င်းတို့အား တာဝန်ယူ သင်ကြား ပေးနေသော ဆရာ၊ဆရာမများအား မည်သည့် အပိုင်းများတွင် မည်ကဲ့သို့ ပံ့ပိုးပေးရမည်ကို သိရှိရန်အတွက်သာ ရည်ရွယ်ပါသည်။

၃၄။ ထိုကဲ့သို့ များပြားလာသော ပုဂ္ဂလိကကျောင်းများတွင် သင်ကြားနေသော ကျောင်းသား/သူများ၏ ပညာရေးအဆင့်မီရန်၊ အစိုးရကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများရှိ ပညာရေးအဆင့် ကွာဟမှု မရှိစေရန်၊ ကျောင်းသား/ကျောင်းသူများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံအာမခံမှု ရှိစေရန်၊ သင်ကြားပေးနေသော ဆရာ/ဆရာမများ၏ ဆရာအတတ်ပညာဆိုင်ရာ အရည်အသွေး နှင့် တိုးတက်မှုတို့အား သိရှိရန်၊ ပုဂ္ဂလိကကျောင်းများ၊ ကျောင်းအုပ်များ၊ အုပ်ချုပ်ရေးမှူးများနှင့် ကျောင်းတည်ထောင်သူများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုအား သိရှိရန်တို့အတွက် အဓိကထား၍ လေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့ပါသည်။

၃၅။ ဤဆန်းစစ်မှုသည် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၄/၂၀၁၁) အရ မှတ်ပုံတင်ထားခြင်း ရှိ/မရှိ စစ်ဆေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်း ရှိ/မရှိ စစ်ဆေးခြင်းတို့အတွက်


မဟုတ်ဘဲ ဖွင့်လှစ်သင်ကြားနေသောကျောင်းများသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) (၂၀၁၆- ၂၀၂၁) ၏ ရည်မှန်းချက်ပန်းတိုင်များအား မည်မျှပံ့ပိုးနိုင်သော အနေအထား ရှိ/မရှိ ကို သိရှိရန် ရည်ရွယ်ပါသည်။

ကျောင်းများ၏စီမံအုပ်ချုပ်မှု

(က) ကြီးကြပ်စစ်ဆေးရေးအဖွဲ့ မှ ကြပ်မတ်ခြင်း (ကျောင်းတွင်းနှင့်ကျောင်းပြင်ပ)

၃၆။ ကိုယ်ပိုင်ကျောင်းဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄/၂၀၁၁)၊ အခန်း (၂) "လုပ်ငန်းတာဝန်များ" ပုဒ်မ ၃(ခ)နှင့် (ဂ)အရ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပညာရေးအရာရှိများသည် ပြင်ပကြီးကြပ်ရေးယန္တရားများအနေဖြင့် ပုဂ္ဂလိကကျောင်းများအား ကြီးကြပ် စစ်ဆေးညွှန်ကြားရန် တာဝန်ရှိပါသည်။ ကျောင်းများ၏ စီမံအုပ်ချုပ်မှုကို သိရှိနိုင်ရန်အတွက် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများအား ကြီးကြပ်စစ်ဆေးသော ယန္တရား တစ်ခု ရှိရန် လိုပါသည်။ ထိုပြင်ပကြီးကြပ်ရေးယန္တရားမှ ကျောင်းအမျိုးအစား (က) နှင့် (ခ) အား စစ်ဆေးကြီးကြပ်မှုနှင့် ပတ်သက်၍ စစ်တမ်းကောက်ယူရာတွင် ကားချပ် (၃) ပါ အတိုင်း တွေ့ရှိရပါသည်။

**ကားချပ် (၃) ကြီးကြပ်စစ်ဆေးရေးအဖွဲ့ မှ ကြပ်မတ်ခြင်း (ကျောင်းတွင်းနှင့်ကျောင်းပြင်ပ)**



၃၇။ ပုဂ္ဂလိကကျောင်းအမျိုးအစား (က) နှင့် (ခ) တို့သည် အစိုးရသင်ရိုးညွှန်းတမ်းနှင့်အညီ သင်ကြားသောကြောင့် သင်ရိုးနှင့် သင်ကြားနည်းစနစ်သစ်များနှင့်အညီ သင်ကြားခြင်း ရှိ / မရှိ၊ ထပ်ဆောင်းဘာသာရပ်များအား သင်ကြားပုံနည်းစနစ်သည် သင့်လျော်ခြင်း ရှိ / မရှိ သိရှိရန် အတွက် ကြီးကြပ်စစ်ဆေးရန် အထူးလိုအပ်သော်လည်း လက်ရှိတည်ဆဲဥပဒေ ဖြစ်သော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ၊ အခန်း (၂) လုပ်ငန်းတာဝန်များအခန်းတွင် ပုဒ်မ ၆ ပုဒ်မခွဲ (ဆ) ၌ ပညာရေးအရာရှိ၏ လုပ်ငန်းတာဝန်များအဖြစ် “ ကိုယ်ပိုင်ကျောင်းသင်ကြားမှုနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ / မရှိ အခါအားလျော်စွာ စစ်ဆေးခြင်းနှင့် စစ်ဆေးစေခြင်း ” ဆိုသော တာဝန်မှာ အလွန်အားနည်းနေကြောင်း တွေ့ရပါသည်။ အဘယ့်ကြောင့် ဆိုသော် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်း (၇၀%) ကျော်နှင့် ဘာသာရပ်သင်ကျောင်း (၁၀%) နီးပါးမှ ၎င်းတို့ကျောင်းများအား လာရောက်စစ်ဆေးခြင်း မရှိကြောင်း ဖြေဆိုထားပါသည်။ (ကားချပ်-၃)

၃၈။ စစ်တမ်းပါ ကျောင်းအမျိုးအစား (ဃ) သည် နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ သင်ကြားနေရသောကြောင့် ထိုနိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများ မှ ကြီးကြပ်ရေးအဖွဲ့များအနေဖြင့် လာရောက်ကြီးကြပ်ကြောင်း တွေ့ရှိရပါသည်။ သို့သော် ယခု စစ်တမ်းတွင် ကျောင်းအမျိုးအစား(ဃ) ကိုယ်စားပြု ဖြေကြားသူအရေအတွက်မှာ ဖြေကြားသူ စုစုပေါင်း (၁၈၅) ယောက်၏ (၃%) သာရှိသောကြောင့် ထိုကြီးကြပ်ရေးအဖွဲ့များ၏ ကျောင်း အမျိုးအစား (ဃ) ပေါ်တွင် ကြီးကြပ်စစ်ဆေးမှုသည် မည်မျှထိရောက် ကောင်းမွန်ကြောင်း မသိနိုင်ပါ။ ပိုမိုပြည့်စုံသော အချက်အလက်ရရှိရန် သုတေသန ဆက်လက် လုပ်ဆောင်ရန် လိုအပ်ပါသည်။

၃၉။ နိုင်ငံတကာပညာရေးအဖွဲ့အစည်းများမှ ကြီးကြပ်ရေးအဖွဲ့များနှင့် အစိုးရ၏ ပညာရေးဆိုင်ရာအဖွဲ့အစည်းများ ဖြစ်သည့် အမျိုးသားပညာရေးအဆင့်အတန်းနှင့်အရည် အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီနှင့် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများ၏ ပညာ အရည်အသွေး စစ်ဆေးအကဲဖြတ်ရေးကော်မတီ တို့ကဲ့သို့သော ကော်မတီများနှင့် ချိတ်ဆက်မှု ရှိနေစေသည့် ယန္တရား တစ်ခုလိုအပ်ပါသည်။ ဆိုလိုသည်မှာ ထိုကဲ့သို့ချိတ်ဆက်ခြင်းသည်

ကျောင်းအမျိုးအစား (ဃ) တို့၏ မှန်ကန်မှုကို အတည်ပြု၍ စစ်ဆေးခြင်း (verification)၊ ခိုင်လုံသော အထောက်အထားပေါ် မူတည်၍ အသိအမှတ်ပြုခြင်း (validation) တို့ ပြုလုပ်ပြီးသည့် နောက်တွင် ကျောင်းများ၏ သင်ကြားသင်ယူရေးဆိုင်ရာ အခြေအနေများ၏ အရည်အသွေးအား ကြပ်မတ်ပေးနိုင်မည့် ယန္တရား ပေါ်ပေါက်လာစေမည် ဖြစ်ပါသည်။

၄၀။ ကျောင်းအမျိုးအစား (ဂ)နှင့် (ဃ) တို့သည် လက်ရှိပညာရေး ဥပဒေများအရ အကျုံးဝင် သော ကျောင်းများမဟုတ်သော်လည်း ထိုကျောင်းများ၏ စီမံအုပ်ချုပ်မှု၊ သင်ကြား/သင်ယူရေး ဆိုင်ရာ အခြေအနေများ၊ စိန်ခေါ်မှုများ၊ အခက်အခဲများအား သိရှိရန်လိုအပ်ပါသည်။ ထိုအခြေအနေ များအား အစိုးရ၏ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများမှ သိရှိဆွေးနွေးရန် အတွက်လည်း ပုဂ္ဂလိကကျောင်းအမျိုးအစား (ဂ)နှင့် (ဃ) တို့တွင် ၄င်းတို့၏ ကျောင်းတွင်း အချက်အလက်များ အား အခြေပြုစုဆောင်းထားသော ကျောင်းတွင်းကြီးကြပ်ရေး (internal inspection procedures) နည်းလမ်းများ ထားရှိရပါမည်။ ထိုနည်းလမ်းဖြင့် စုဆောင်းထားသော မှတ်တမ်းများအား အခြေခံ၍ ပညာရေးဝန်ကြီးဌာနနှင့် ကျောင်းအမျိုးအစား (ဂ)နှင့် (ဃ)တို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကူညီ ဆွေးနွေးပေးခြင်းဖြင့် ပုဂ္ဂလိကပညာရေး နှင့် အစိုးရပညာရေး ပူးပေါင်း ဆောင်ရွက်နိုင်သော ယန္တရားကောင်းများ ပေါ်ထွက်လာရန် လိုပါသည်။

၄၁။ ထိုယန္တရားများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အမျိုးသားပညာရေး မူဝါဒကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၉၊ အခန်း (ခ) ပုဂ္ဂလိကအဆင့်မြင့် ပညာကျောင်းများ၏ ပညာအရည်အသွေးစစ်ဆေးအကဲဖြတ်ရေးကော်မတီ၏ လုပ်ငန်းတာဝန် များထဲမှ အချက် (၂) ချက်ဖြစ်သည့်

(က) “ ကျောင်းတွင်းအရည်အသွေး (Internal Quality Assurance) စနစ် ရှိ / မရှိ နှင့် ဆောင်ရွက်ထားသည့် အခြေအနေကို စိစစ်ရန် (လုပ်ငန်းတာဝန် – ၂)”

(ခ) “ ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများ နှင့် သင်တန်းအစီအစဉ်များကို အရည်အသွေး အကဲဖြတ်ဆန်းစစ်သော လုပ်ငန်းကို ဆောင်ရွက်ရန် (လုပ်ငန်းတာဝန် – ၈)”

ဟူသော လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူ ဖြစ်စေပါသည်။

၄၂။ ထို့ကြောင့် လက်ရှိဖွင့်လှစ်လျက်ရှိသော နိုင်ငံတကာအဆင့်မြင့်ပညာကျောင်းများသည် ၄င်းတို့၏မိတ်ဖက် ကျောင်းပြင်ပကြီးကြပ်ရေးအဖွဲ့များနှင့် လျင်လျင်မြန်မြန် ချိတ်ဆက်နိုင်ရန် လိုအပ်ပါသည်။ အသစ်လာရောက်သင်ကြားဖွင့်လှစ်ရန် အလားအလာရှိသော ကျောင်းများ၊ အဖွဲ့အစည်းများ နှင့် ချိတ်ဆက်ပြောဆိုဆောင်ရွက်ခြင်းသည် အရေးကြီးသည် ဖြစ်သော်လည်း လက်ရှိဖွင့်လှစ်သင်ကြားနေသော ကျောင်းများ၏ အရည်အသွေးအား ထိထိရောက်ရောက် ကြပ်မတ်နိုင်မှသာလျှင် ထိုကျောင်းများတွင် တက်ရောက် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးအာမခံမှုအား အထောက်အပံ့ပေးနိုင်ရာ ရောက်ပါမည်။


## (ခ) ဆရာအတတ်ပညာနှင့် စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်း၏ ထောက်ပံ့မှု အစီအစဉ်များ

၄၃။ မည်သည့် ပုဂ္ဂလိကကျောင်းအမျိုးအစားတွင် တာဝန်ယူထမ်းဆောင်နေသည်ဖြစ်စေ သင်ကြားရေးဝန်ထမ်းများ၏ အတတ်ပညာပိုင်းဆိုင်ရာ သို့မဟုတ် ဘာသာရပ်ဆိုင်ရာ သင်ကြားရေး တိုးတက်ရေးအတွက် ထောက်ပံ့ကူညီနိုင်မည့် အစီအစဉ်ရှိရန် လိုအပ်ပါသည်။ ထိုထောက်ပံ့မှုသည် ငွေကြေး နှင့် နည်းပညာ / အတတ်ပညာ နှစ်မျိုးစလုံး အကျုံးဝင်ရန် လိုအပ်ပါသည်။


၄၄။ ကျောင်းအမျိုးအစား(၄)မျိုးလုံးရှိ စစ်တမ်းအား ဖြေဆိုသူများသည် ဆရာအတတ်ပညာ တိုးတက်ရေးသည် အရေးကြီးကြောင်း၊ ကျောင်းများရှိ အုပ်ချုပ်သူများ၊ ကျောင်းအုပ်များနှင့် ဆရာ၊ဆရာမများမှ နားလည်သိရှိကြောင်း တုန့်ပြန်ဖြေဆိုကြပါသည်။ သို့သော် **“ကျောင်းအုပ် သို့မဟုတ် အခြားသူများမှ ဆရာများ၏ အားနည်းချက်အား ကုစားနိုင်မည့် တိုးတက်ရေး သင်တန်းများအား စီစဉ်ဆောင်ရွက်ထားမှု ”** နှင့် ပတ်သက်သော အချက်အား တုန့်ပြန်သည့်အခါတွင် ထိုသင်တန်းများအား ပံ့ပိုးကူညီမှုမှာ အားနည်းလျက် ရှိသည်ကို တွေ့ရှိရပါသည်။ စစ်တမ်းဖြေဆို သူများထဲမှ (၁၈) ဦး ရာခိုင်နှုန်းအားဖြင့် (၁၀%) သာလျှင် ၄င်းတို့၏ ကျောင်းများတွင်

ထိုကဲ့သို့ သင်တန်းများကို ဆရာအတတ်ပညာ တိုးတက်ရေးအတွက် ရည်ရွယ်၍ အမြဲတမ်း စီမံထားရှိပါသည် ဟု ဖြေဆိုထားပါသည်။(ကားချပ်- ၄နှင့် ၅)

**ကားချပ်(၄) ဆရာများအတွက် သင်တန်းများ အမြဲတမ်းစီမံထားပါသည်ဟု ဖြေကြားသူရာခိုင်နှုန်း**




**ကားချပ် (၅) ဆရာများအတွက် သင်တန်းများ အမြဲတမ်းစီမံထားပါသည်ဟု ဖြေကြားသူဦးရေ**




၄၅။ NESP အခန်း (၉) ၊ (၉.၃.၃) လုပ်ငန်းစဉ် (၁) အရ အမျိုးသားဆရာအတတ်ပညာဖွံ့ဖြိုးမှုဗဟိုဌာန (National Centre For Teacher Professional Development, NCTPD) အား ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရှိပါသည်။ ထိုဌာနအောက်တွင် အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်း စသည်ဖြင့် သက်ဆိုင်ရာ အဆင့်အလိုက် ဆရာအတတ်ပညာ

ဖွံ့ဖြိုးမှုအတွက် ကူညီလမ်းညွှန် သင်တန်းပေးသူများ (mentors) အား အစိုးရကျောင်းများ အတွက် ထားရှိရန် စီစဉ်ထားကြောင်း သိရှိရပါသည်။ (NESP, ၂၀၁၆–၂၀၂၁, စာ –၁၆၇)

၄၆။ ထို NCTPD မှ သတ်မှတ်ရွေးချယ်ထားသော လမ်းညွှန်သင်တန်းပေးသူများ (mentors) နှင့် လက်တွဲလုပ်ဆောင်ရန်အတွက် ကျောင်းအမျိုးအစား (က) နှင့် (ခ) တို့တွင် ၎င်းတို့၏ ကျောင်းတွင်းအရည်အသွေးအာမခံမှု (Internal Quality Assurance) အတွက် လုပ်ငန်း တစ်ခုအနေဖြင့် mentors များထားရှိရန် လိုအပ်ပါသည်။ ထိုကဲ့သို့ NCTPD နှင့် လက်တွဲ လုပ်ဆောင်နိုင်ပြီး NCTPD အောက်ရှိ စဉ်ဆက်မပြတ် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှု (Continuous Professional Development, CPD) အစီအစဉ်များတွင် ပုဂ္ဂလိကကျောင်း အမျိုးအစား (ဂ) နှင့် (ဃ) ရှိ mentor များအား တက်ရောက်စေရန်လိုအပ်ပါသည်။ ထိုသို့ လုပ်ဆောင်နိုင်သော ယန္တရား ပေါ်ပေါက်လာပါက ပုဂ္ဂလိကကျောင်းများတွင်လည်း ကျောင်းတွင်း ကူညီလမ်းညွှန် သင်တန်းပေးသူများ (mentors) ထားရှိရန် မဖြစ်မနေ အကောင်အထည်ဖော် ရမည် ဖြစ်ပါသည်။ ထိုပုဂ္ဂလိကကျောင်းများရှိ ကျောင်းတွင်း ကူညီလမ်းညွှန် သင်တန်းပေးမှုများ မှတစ်ဆင့် ဆရာ ၊ ဆရာမများ၏ ကျောင်းတွင်းစဉ်ဆက်မပြတ် ဆရာအတတ်ပညာဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ်များအား (Internal Continuous Professional Development) စီမံ ဆောင်ရွက်ပေးနိုင်ပါသည်။

၄၇။ ထိုယန္တရားအရ လက်တွဲညီပြီး သင်တန်းများရရှိထားသော ကျောင်းများအားလည်း ဆရာအတတ်ပညာ တိုးတက်ရေး ဆောင်ရွက်ထားကြောင်း၊ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ခြင်းဖြင့် အရည်အသွေး အာမခံမှုလုပ်ငန်းစဉ် (accreditation and quality assurance) အဖြစ် အစိမ်းရောင်ကဒ် (green card) ထုတ်ပေးသည့်အချိန်တွင် ထည့်သွင်း စဉ်းစားရမည့် အချက်အဖြစ် စဉ်းစားသင့်ပါသည်။ ထို့အပြင် NCTPD ဌာန၏ အဓိက ရည်ရွယ်ချက်ဖြစ်သော **“ လုပ်ငန်းခွင်ဆရာအတတ်ပညာရေး ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ ရှင်သန်ပြီး ရေရှည်တည့်တံ့ခိုင်မြဲရေး ”** ဟူသော ရည်ရွယ်ချက်သည် တိုးပွားလာနေသော


ပုဂ္ဂလိကကျောင်းများ၏ လုပ်ငန်းခွင်ရှိ ဆရာ/မ များအပေါ်တွင်ပါ သက်ရောက်နိုင်သော မူဝါဒမှ ဥပဒေအဖြစ်ဖြင့် ပုဂ္ဂလိကကျောင်းဥပဒေတွင် ပါဝင်သင့်ပါသည်။

(ဂ) ကျောင်းချိန်နှင့်ကျောင်းချိန်ပြင်ပ လိုက်နာရမည့်စံသတ်မှတ်ချက်များ**(Code of Conduct)**

၄၈။ ကျောင်းချိန်နှင့်ကျောင်းချိန်ပြင်ပအချိန်များတွင် ရှိရမည့် ကျောင်းသားနှင့်ဆရာကြား၊ ကျောင်းသား နှင့် ဝန်ထမ်းများကြားရှိ ဆက်ဆံရေးအတွက် လိုက်နာရမည့် စံ သတ်မှတ်ထားသော အပြုအမူ အနေအထားများအား ရေးသားထားသော အစီအစဉ်များ (Code of Conduct) ထားရှိခြင်း ရှိ / မရှိ သည် ကျောင်းသား၊ ကျောင်းသူများ၏ ရုပ်ပိုင်းဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုအား ကျောင်းမှ မည်မျှ တာဝန်ယူကြောင်း တိုင်းတာနိုင်သော အမှတ်အသားပင် ဖြစ်ပါသည်။

၄၉။ (Code of Conduct) တွင် တက်ရောက်နေသော ကျောင်းသား/ကျောင်းသူများအား ကျောင်း၏ မည်သည့်ဝန်ထမ်းကမှ အကြမ်းဖက်ကျူးလွန်မှု မရှိစေရန်၊ ကျူးလွန်ပါက မည်ကဲ့သို့ အပြစ်ပေး အရေးယူမည်ဖြစ်ကြောင်း တိကျစွာ ဖွင့်ဆိုထားသော စည်းမျဉ်း၊ စည်းကမ်းများ ပါရှိရပါမည် ဖြစ်ပါသည်။ သို့ရာတွင် ဖြေဆိုသူပေါင်း၏ (၄၂%) သည် ၎င်းတို့၏ ကျောင်းများတွင် (Code of Conduct) ရေးဆွဲထားခြင်း မရှိ၊ ရေးဆွဲထား သော (Code of Conduct) အပေါ် စိတ်ကျေနပ်မှု မရှိနှင့် ဖြေဆိုထားခြင်း လုံးဝမရှိသော အဖွဲ့များအနေဖြင့် အောက်ပါကားချပ် (၆) တွင် ဖော်ပြထားပါအတိုင်း တွေ့ရှိရပါသည်။

ကားချပ် (၆) (Code of Conduct) နှင့်ပတ်သက်၍ စိတ်ကျေနပ်မှု ရှိ / မရှိ





၅၀။ မြန်မာနိုင်ငံတွင် ကလေးသူငယ်ဥပဒေအရ အသက်(၁၈)နှစ် မပြည့်သေးပါက ကလေးသူငယ်အဖြစ် ဥပဒေသတ်မှတ်ချက် ရှိပါသည်။ တခြားတဖက်တွင် လူမှုကွန်ရက်အား သုံးစွဲနိုင်သော အသက်အရွယ်အား အသက်၁၃နှစ်နှင့်အထက်ကို ခွင့်ပြုထားပါသည်။ (ဥပမာ – Facebook Account ဖွင့်လှစ်ခွင့်ပြုသောအသက် ) လူမှုကွန်ရက်အမျိုးမျိုးအား သုံး၍ ကျောင်းတွင်းနှင့် ကျောင်းချိန်ပြင်ပတွင် ကျောင်းဝန်ထမ်းမှ ကျောင်းသား၊ ကျောင်းသူများအား နှောက်ယှက်မှုများ ကြုံတွေ့နိုင်သောကြောင့် လူမှုကွန်ရက် သုံးစွဲနိုင်သော အလယ်တန်း နှင့် အထက်တန်းအဆင့် (အသက် ၁၄ – ၁၈ နှစ်အတွင်း) ကျောင်းသား၊ ကျောင်းသူများအား ကာကွယ်ပေးရန် လိုအပ်ပါသည်။

၅၁။ ထိုကဲ့သို့ အကာအကွယ်ပေးမှုသည် ကျောင်းပြင်ပအချိန်တွင်လည်း ကျောင်း၏ ဝန်ထမ်းများမှ ကျောင်းသား၊ ကျောင်းသူများအပေါ် ကျူးလွန်ခြင်းအား အကာအကွယ် ပေးနိုင်သည့် အစီအစဥ်အဖြစ် အကျုံးဝင်ရမည်ဖြစ်သည်။ ၄င်းအချက်အား သိရှိခြင်း ရှိ / မရှိ နှင့် ဆရာ၊ ဆရာမ နှင့် ကျောင်းသား၊ သူများကြားရှိ အွန်လိုင်း နှင့် လူမှုကွန်ရက် ဆက်ဆံရေးကိုပါ အကာအကွယ် ပေးမည့် (Code of Conduct) ရှိ / မရှိ မေးမြန်းခဲ့ပါသည်။ ထိုမေးခွန်းအား တုန့်ပြန်သူ စုစုပေါင်း ၏ (၅၉%) မှ ၄င်းတို့ကျောင်းများတွင် (Code of Conduct) ရေးသားထားခြင်းမရှိ၊ (Code of

Conduct) အပေါ် စိတ်ကျေနပ်မှု မရှိနှင့် ဖြေဆိုထားခြင်းမရှိသောအဖွဲ့များအနေဖြင့် အောက်ပါ ကားချပ် (၇) တွင် ဖော်ပြပါအတိုင်း တွေ့ရှိရပါသည်။

**ကားချပ် (၇) ဆရာနှင့်ကျောင်းသားကြားရှိ ဆက်ဆံရေးကိုပါ အကာအကွယ်ပေးမည့် (Code of Conduct) တွင် အွန်လိုင်းနှင့် လူမှုကွန်ရက်ပါ အကျုံးဝင်သည်ဟူသော(Code of Conduct)**




၅၂။ ထိုကိန်းဂဏန်းများအရ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များနှင့် ကျား/မလိင်အကြမ်းဖက်မှုအား ဆန့်ကျင်ကာကွယ်နိုင်မည့် မူဝါဒများသည် ပုဂ္ဂလိကကျောင်းများတွင် အားနည်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုမူဝါဒများ ပေါ်ထွက်လာရေးအတွက် လက်ရှိ အိမ်နီးခြင်း နိုင်ငံများတွင် ကျင့်သုံးနေသော Code of Conduct for Child Safeguarding at Schools နမူနာများ (ဥပမာ – ထိုင်းနိုင်ငံ ) အား သိရှိရန် လိုအပ်ပါသည်။

၅၃။ မြန်မာနိုင်ငံသည် ကလေးသူငယ်များအား ကြီးလေးသည့်ပြစ်ဒဏ် ချမှတ်ခြင်း မရှိစေရန်၊ ကလေးလုပ်သား ပပျောက်ရန် နှင့် လူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှင့် လူမှုစီးပွားဖွံ့ဖြိုးရန် တရားဝင်ဥပဒေအဖြစ် “ **ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ၂၀၁၉ (Child Rights Law,2019)** ” ပြဋ္ဌာန်းနိုင်ပြီး ဖြစ်ပါသည်။ ထိုဥပဒေ၏ အခန်း (၁၆)၊ ပုဒ်မ ၅၆ တွင် –

**“ မည်သူမျှ ကလေးသူငယ်အပေါ် တစ်နည်းနည်းဖြင့် နစ်နာဆုံးရှုံးစေသည့် သို့မဟုတ် ထိခိုက်ဒဏ်ရာရစေသည့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကိုဖြစ်စေ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကိုဖြစ်စေ မပြုလုပ်ရ။”**

ဟူသော တားမြစ်ချက်သည် ကျောင်းများတွင်လည်း သက်ရောက်ရန် လိုအပ်ပါသည်။ ပုဂ္ဂလိက နိုင်ငံတကာကျောင်းတစ်ချို့တွင် ကလေးသူငယ်များအား အကာအကွယ်ပေးသည့် (Code of Conduct) များအား ၎င်းတို့၏ လက်စွဲစာအုပ်များတွင် ထည့်သွင်း၍ ဝန်ထမ်းများအား လိုက်နာစေပါသည်။

၅၄။ သို့သော် စစ်တမ်းတွင် ပါဝင်ဖြေဆိုသော ကျောင်းအမျိုးအစား (၄) မျိုးတွင် ထိုကဲ့သို့ (Code of Conduct) များဖြင့် အကာအကွယ်ပေးရန် အားနည်းနေကြောင်းကို ကားချပ် (၇) ပါ တုန့်ပြန်မှုအရ သိရှိနိုင်ပါသည်။ ထို့ကြောင့် ပြဋ္ဌာန်းမည်ဖြစ်သော ပုဂ္ဂလိကပညာရေးဥပဒေတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊အခန်း(၁၆)၊ ပုဒ်မ ၅၆ နှင့် ချိတ်ဆက်နိုင်မည့် ပုဂ္ဂလိကကျောင်းများတွင် ကလေးသူငယ်များအား အကာအကွယ်ပေးသည့် အစီအစဉ်များ ထားရှိရန် ဟူသော အချက်အား ထည့်သွင်းသင့်ပါသည်။

အကြံပြုချက်များ

၅၅။ ကော်မတီ၏အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အခြေခံပညာရေးအတွက် ဝန်ဆောင်မှုပေးနေသော ပုဂ္ဂလိကကျောင်းများ၏ အရည်အသွေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ကြီးကြပ်စစ်ဆေးနိုင်ရန် ကြီးကြပ်ရေးမှူးအဖွဲ့များ၏ လက်ရှိမူဝါဒများ နှင့် လုပ်ထုံးလုပ်နည်းများအား ပြန်လည် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ပါသည်။ ထိုသို့ ကြီးကြပ်စစ်ဆေးရာတွင် ကျောင်း၏အဆောက်အအုံနှင့် ရုပ်ပိုင်းဆိုင်ရာများကိုသာ စစ်ဆေးခြင်း မဟုတ်ဘဲ ဆရာအတတ်ပညာဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် mentorship အစီအစဉ်များအား အကောင်အထည်ဖော်၍ အမျိုးသားဆရာ

အတတ်ပညာဖွံ့ဖြိုးမှုဗဟိုဌာန (National Centre For Teacher Professional Development, NCTPD) နှင့် တွဲဖက် ဆောင်ရွက်စေသင့်ပါသည်။

(ခ) ပုဂ္ဂလိကနိုင်ငံတကာ K–12 သင်ရိုးသင်ကျောင်းနှင့် ပုဂ္ဂလိကနိုင်ငံတကာ အဆင့်မြင့်ပညာသင်ကျောင်းတို့၏ စီမံအုပ်ချုပ်မှု၊ သင်ကြားသင်ယူမှုဆိုင်ရာ အခြေအနေများ၊ စိန်ခေါ်မှုများ၊ အခက်အခဲများအား သိရှိရန်အတွက် ၎င်းတို့အနေဖြင့် အတွင်းကြီးကြပ်စစ်ဆေးခြင်း လုပ်ထုံးလုပ်နည်း (Internal Inspection Procedures) များမှတစ်ဆင့် အတွင်းအရည်အသွေးအာမခံမှု (Internal Quality Assurance, IQA) အား သိရှိစေရန်အတွက် ဆောင်ရွက်ထားရန် လိုအပ်ပါသည်။ ထို IQA အား အစိုးရ၏ပညာရေးဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် ပုဂ္ဂလိကကျောင်းများ၏ ပညာအရည်အသွေးစစ်ဆေးအကဲဖြတ်ရေးကော်မတီမှ အပြင်အရည်အသွေးအာမခံမှု (External Quality Assurance, EQA) ပြုလုပ်ရန်အတွက် ဥပဒေဖြင့် ပံ့ပိုးရန် လိုပါသည်။

(ဂ) ပုဂ္ဂလိကကျောင်း အမျိုးအစား(၄)မျိုးလုံးတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ နှင့် ကျား/မလိင်အကြမ်းဖက်မှုအား ဆန့်ကျင်ကာကွယ်နိုင်မည့်မူဝါဒများသည် အားနည်းနေသောကြောင့် ကလေးသူငယ်များနှင့် ပတ်သက်၍ ပုဂ္ဂလိကကျောင်းများရှိ သင်ကြားရေးဝန်ထမ်းများနှင့် အခြားဝန်ထမ်းများအားလုံး လိုက်နာရမည့် ကျောင်း၏ Code of Conduct for Child safeguarding (CoC for child safeguarding) များ မရှိမဖြစ် ရေးဆွဲထားရန် ပညာရေးဝန်ကြီးဌာနမှ မူဝါဒ ချမှတ်စေသင့်ပါသည်။

**ပညာရေးမြှင့်တင်မှုကော်မတီ နှင့်** အမျိုးသားပညာရေးမူဝါဒကော်မရှင်တို့၏ အကြံပြုချက်များ

၅၆။ ပညာရေးမြှင့်တင်မှုကော်မတီသည် “ ပုဂ္ဂလိကပညာရေးဥပဒေ(မူကြမ်း) ”နှင့်စပ်လျဉ်း၍ (၁၂.၃.၂၀၂၀) ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ ရေးရာဆောင်အမှတ် I–13 အောက်ထပ် အစည်းအဝေးခန်းမ၌ အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပါသည်။

၅၇။ ညှိနှိုင်းအစည်းအဝေးမှ ရရှိသော ဆွေးနွေးချက်များကို ပညာရေးမြှင့်တင်မှုကော်မတီ အနေဖြင့် ပညာရေးဝန်ကြီးဌာနမှ ရေးဆွဲလျက်ရှိသော ပုဂ္ဂလိကပညာရေးဥပဒေ (မူကြမ်း) ရေးဆွဲရာတွင် ထည့်သွင်းသင့်သည့် အချက်အလက်များအနေဖြင့် ပံ့ပိုးနိုင်စေရန် ဥပဒေမပြုမီ လေ့လာဆန်းစစ်မှုအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားပါသည်။ ထိုလေ့လာဆန်းစစ်မှုမှတဆင့် ရရှိခဲ့သော အကြောင်းအရာများကို ဥပဒေကြမ်းတွင် ထည့်သွင်း အသုံးပြုနိုင်ရန်အတွက် **“ ပုဂ္ဂလိကကျောင်းများနှင့်သက်ဆိုင်သော သတင်းအချက်အလက်ကို အခြေခံသည့်မူဝါဒများ ဖြစ်ပေါ်လာစေရန် လေ့လာဆန်းစစ်မှု အစီရင်ခံစာ”** အနေဖြင့် အကြံပြု တင်ပြထားပါသည်။ ထိုအစီရင်ခံစာပါ အကြောင်းအရာများနှင့် ပတ်သက်၍ အချက်အလက် ပိုမို ခိုင်မာစေရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ မတ်လ(၁၂) တွင် ကော်မတီသည် ပညာရေးဝန်ကြီးဌာန၏ သက်ဆိုင်ရာ ကော်မရှင်၊ ကော်မတီများ ၊ ဦးစီးဌာနများနှင့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ ထိုအစည်းအဝေးတွင် ကော်မတီအနေဖြင့် ပုဂ္ဂလိကကျောင်းအမျိုးအစား (၄) မျိုး ဖြစ်သော

(က) ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်း၊

(ခ) ပုဂ္ဂလိက ဘာသာရပ်သင်ကျောင်း၊

(ဂ) ပုဂ္ဂလိက နိုင်ငံတကာ K-12 သင်ရိုးသင်ကျောင်း၊

(ဃ) ပုဂ္ဂလိက နိုင်ငံတကာ အဆင့်မြင့်ပညာရေးသင်ကျောင်းတို့နှင့် ပတ်သက်သည့် အချက်အလက်များကို အဓိကထား မေးမြန်း ဆွေးနွေးခဲ့ပါသည်။

၅၈။ ပုဂ္ဂလိကကျောင်းများ၏ အခြေအနေကို သိရှိနိုင်ရန်အတွက် ကြီးကြပ်စစ်ဆေးရေးအဖွဲ့ များသည် အရေးကြီးသောကဏ္ဍမှ ပါဝင်လျက် ရှိပါသည်။ ကိုယ်ပိုင်ကျောင်းဥပဒေ (ပြည်ထောင်စု လွှတ်တော်ဥပဒေ အမှတ်၁၄ /၂၀၁၁)၊ အခန်း(၂) လုပ်ငန်းတာဝန်များအရလည်း ပညာရေးဝန်ကြီး ဌာန၏ သက်ဆိုင်ရာတာဝန်ရှိသူများမှ ပုဂ္ဂလိကကျောင်းအမျိုးအစား (၂) မျိုးဖြစ်သော ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်း နှင့် ပုဂ္ဂလိကဘာသာရပ်သင်ကျောင်းများအား ကြီးကြပ်စစ်ဆေး ညွှန်ကြား ရန် တာဝန် ရှိပါသည်။ ထိုကြီးကြပ်စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးရမည့် ကိစ္စရပ်များတွင် (checklist) ကျောင်း၏ အဆောက်အအုံ ရုပ်ပိုင်းဆိုင်ရာကိုသာ ကြီးကြပ်ခြင်း မဟုတ်ဘဲ

သင်ကြားရေး (academic) ပိုင်းဆိုင်ရာ အခြေအနေများကိုပါ ကြီးကြပ် စစ်ဆေးခြင်း ရှိ/ မရှိ မေးမြန်း ဆွေးနွေးခဲ့ပါသည်။ ထို့သို့ စစ်ဆေးရာတွင် အသုံးပြုသည့်စံ သတ်မှတ်ချက် (standards and criteria) များသည် ပြောင်းလဲထားသော သင်ရိုးညွှန်းတမ်းများနှင့် ကိုက်ညီရန် ပြန်လည် သုံးသပ်ခြင်း ရှိ / မရှိ များကိုလည်း မေးမြန်း ဆွေးနွေးခဲ့ပါသည်။

၅၉။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (Directorate of Investment and Company Administration) တွင် မှတ်ပုံတင်ထားသည့် ကျောင်းများဖြစ်သော ပုဂ္ဂလိကကျောင်း အမျိုးအစား(ဂ)နှင့်(ဃ)များအနေဖြင့် အတွင်းကြီးကြပ်စစ်ဆေးခြင်း (internal inspection body) သို့မဟုတ် အတွင်းအရည်အသွေးပြည့်မီရန် အာမခံမှု (Internal Quality Assurance, IQA) တို့မှတဆင့် ၄င်းတို့နှင့် ချိတ်ဆက်ထားသော နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများ၏ စံချိန် စံနှုန်းများနှင့်အညီ အရည်အသွေး အာမခံမှုရှိကြောင်း၊ ကြီးကြပ်စစ်ဆေးပြီးဖြစ်ကြောင်း မှတ်တမ်းများ အစီရင်ခံစာများ ရှိ / မရှိ မေးမြန်းဆွေးနွေးခဲ့ပါသည်။ ထိုကဲ့သို့ IQA သတ်မှတ်ချက်တွင် ဆက်စပ်လျက်ရှိသော ၎င်းကျောင်းများအား accreditation ခေါ် အဆင့် အတန်း သတ်မှတ်နိုင်ရန် စီစဉ်ထားသော လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပါ သည်။ ယခု ပြည်တွင်းရှိ ပုဂ္ဂလိကကျောင်း (က) နှင့် (ခ) ရှိ ဆရာ ၊ ဆရာမများကို အစိမ်းရောင် ကဒ် (Green Card) သင်ကြားရေးဆိုင်ရာ တရားဝင် အထောက်အထားအဖြစ် လက်ဝယ် ထားရှိရန် ထုတ်ပြန်ထားပါကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ပင် နိုင်ငံတကာ K–12 သင်ရိုး သင်ကျောင်းများတွင် သင်ကြားပေးနေသည့် နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာမှတ်ပုံတင် ထုတ်ပေးခြင်းနှင့်ပတ်သက်သည့် ကြီးကြပ်ရေးအဖွဲ့မှ ကျင့်သုံးမည့်မူဝါဒနှင့် ပတ်သက်၍ မေးမြန်းခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (Directorate of Investment and Company Administration) သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ပုဂ္ဂလိကကျောင်း အမျိုးအစား(ဂ)နှင့် (ဃ)များအား ကုမ္ပဏီများအနေဖြင့် လုပ်ကိုင်ခွင့် ပေးထားကြောင်း သိရပါသည်။ ထိုမှတ်ပုံတင်ထားသော ကျောင်းများ၏ ပညာရေးအရည်အသွေး နှင့် ပတ်သက်၍ စစ်ဆေးကြီးကြပ်နိုင်ရန်အတွက်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနတွင်

ပြောင်းလဲ မှတ်ပုံတင်ရန်အတွက်လည်းကောင်း၊ ကော်မတီများဖွဲ့စည်းပြီးဖြစ်ကြောင်း ဆွေးနွေး ပြောကြားခဲ့ပါသည်။

၆၀။ ထိုကျောင်းအမျိုးအစား (၄) မျိုးသည် အမျိုးသားပညာရေးဥပဒေ အခန်း(၅)၊ အမျိုးသား ပညာရေးစနစ်၊ ပုဒ်မ ၁၁ ကို အမျိုးသားပညာရေးစနစ် အကောင်အထည်ဖော်ရာတွင် ပညာရယူနည်းများထဲမှ တစ်ခုဖြစ်သော ကျောင်းပညာရေး (Formal Education) စနစ် အောက်ရှိ ကျောင်းအမျိုးအစားများ ဖြစ်ပါသည်။ ကျန်ရှိနေသော ပညာရေးစနစ် နှစ်မျိုးဖြစ်သော ကျောင်းပြင်ပပညာရေး (Non-Formal Education)၊ ကိုယ်တိုင်သင်ယူပညာရေး (Personal Education) စနစ်များ အောက်ရှိ သက်ဆိုင်ရာပုဂ္ဂလိကကျောင်းများ နှင့် ပက်သက်သော အချက်အလက်များ သိရှိရန် ဆက်လက်၍ သုတေသန ဆက်လက်လုပ်ဆောင်ရန် လိုအပ် နေပါသေးသည်။ ကျောင်းနှင့်သက်ဆိုင်သည့် အရင်းအမြစ်များ၊ ဆရာ၊ဆရာမများ၏ လုပ်ငန်းခွင် ဆိုင်ရာအခြေအနေများ စသည့် ကဏ္ဍများသည်လည်း ပုဂ္ဂလိကပညာရေးဥပဒေ (မူကြမ်း) အတွက် မူဝါဒရေးရာ ပံ့ပိုးနိုင်ရန် သုတေသန လုပ်ဆောင်သင့်သော ကဏ္ဍများပင် ဖြစ်ပါသည်။

၆၁။ အခြေခံပညာရေးဥပဒေ နှင့် ကလေးသူငယ်ဆိုင်ရာဥပဒေ နှစ်ရပ်လုံးသည် ကလေး သူငယ်များ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံစိတ်ချစွာဖြင့် ပညာသင်ကြားနိုင်ရေးနှင့် ပတ်သက်ပြီး အရေးကြီးသောဥပဒေများ ဖြစ်ပါသည်။ အခြေခံပညာရေးဥပဒေတွင် ဆရာများ၏ တာဝန်တစ်ခုဖြစ်သော **“ ပညာသင်ကြားရာတွင် အပြုသဘောဆောင်သော ဆရာ-ကျောင်းသား ဆက်ဆံရေးဖြင့် ကျောင်းသား၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုမရှိအောင် သင်ကြားပေးရေး”** ဟူ၍ ပါရှိပါသည်။ ဥပဒေနှစ်ရပ်သည် တစ်ခုနှင့် တစ်ခုချိတ်ဆက်လျက် ရှိပါကြောင်း ဆွေးနွေး ခဲ့ကြပါသည်။

အကြံပြုချက်များ

၆၂။ ကော်မတီအနေဖြင့် အောက်ပါတို့ကို အကြံပြုခဲ့ကြပါသည်။

(က) ပုဂ္ဂလိကကျောင်းအမျိုးအစား (က)နှင့် (ခ) တို့သည် ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများပါ ဘာသာရပ်များအား အဓိကထား သင်ကြားပေးနေသောကြောင့် အသစ်ပြောင်းလဲထားသော သင်ရိုးညွှန်းတမ်းများ၊ သင်ကြားနည်းစနစ်သစ်များနှင့် ကိုက်ညီစွာ သင်ကြားခြင်း ရှိ / မရှိ ကြီးကြပ်နိုင်သည့် (Checklist) ရှိသင့်သည် ဟု အကြံပြုလိုပါသည်။

(ခ) ပုဂ္ဂလိက နိုင်ငံတကာ အဆင့်မြင့်ပညာကျောင်းများအတွက် Accreditation Process အဆင့်ဆင့်အား ပြုလုပ်ထားကြောင်း မေးမြန်း ဆွေးနွေးမှုမှ သိရှိရပါသည်။ ထို့ကြောင့် process တွင် သုံးစွဲသည့် standard criteria များအား ပွင့်လင်းမြင်သာမှုရှိစွာ သက်ဆိုင်ရာ အကျိုးခံစားခွင့်ရှိသူ (stakeholders) များအား အသိပေးသင့်သည်ဟု အကြံပြုလိုပါသည်။

(ဂ) NEPC ၏ သက်ဆိုင်ရာ ကော်မတီများအနေဖြင့် ပုဂ္ဂလိကကျောင်းများသည် ဘွဲ့အပ်နှင်းပိုင်ခွင့်၊ ဘွဲ့လက်မှတ် အသိအမှတ်ပြုခွင့် ရရှိရေးတို့အတွက် မူဝါဒများ ပေါ်ပေါက်လာစေရန် ဥပဒေဖြင့် ပံ့ပိုးပေးရန် လိုအပ်နေပါသည် ဟု အကြံပြုလိုပါသည်။

(ဃ) ပုဂ္ဂလိကကျောင်းအမျိုးအစား (ဂ) ဖြစ်သော နိုင်ငံတကာ K-12 သင်ရိုးသင်ကျောင်းများတွင် သင်ကြားနေသော နိုင်ငံခြားသား ကျောင်းဆရာများ၏ စာသင်ကြားရေးဆိုင်ရာ အရည်အသွေးအား သတ်မှတ်နိုင်ရန်အတွက် မူဝါဒများ ချမှတ်၍ သက်ဆိုင်ရာအဖွဲ့များ ဖွဲ့စည်းပြီး အမြန်ဆုံး အကောင်အထည်ဖော်ရန် အကြံပြုလိုပါသည်။

(င) ပုဂ္ဂလိကကျောင်းအမျိုးအစား (ဂ) နှင့် (ဃ) တို့၏ သင်ကြားရေးဆိုင်ရာ သဘောသဘာဝ နှင့် အုပ်ချုပ်ရေး တည်ထောင်ဖွဲ့စည်းခြင်း ပုံစံများသည် မတူညီကြပါ။ ထို့ကြောင့် ၎င်းတို့အား ကနဦးအစ မှတ်ပုံတင်ခြင်း လုပ်ငန်းမှစ၍ အရည်အသွေး အာမခံမှုကြီးကြပ်ခြင်း လုပ်ငန်းအထိ လုပ်ငန်းသဘာဝ ကွဲပြားနိုင်သောကြောင့် ၎င်းတို့အတွက် ကွဲပြားသော မူဝါဒများရှိရန် အကြံပြုလိုပါသည်။

(စ) ကျောင်းသား၊ ကျောင်းသူကလေးသူငယ် (အသက်၁၈နှစ်အောက်) များ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုအား ကာကွယ်နိုင်ရန် အတွက် ပုဂ္ဂလိကကျောင်းများတွင် ၎င်းတို့၏ သင်ကြားရေးဝန်ထမ်းများ သာမက ဝန်ထမ်းအားလုံး မှ လိုက်နာရန်၊ မူဝါဒ တိကျစွာ ထားရှိရန် လိုအပ်ကြောင်း အကြံပြုအပ်ပါသည်။

(ဆ) ပုဂ္ဂလိကကျောင်းအမျိုးအစား (၄) မျိုးအနက် တည်ဆဲဥပဒေများ ဖြစ်သည့် အမျိုးအစား (က) ဖြစ်သော ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းအတွက် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကိုလည်းကောင်း၊ အမျိုးအစား(ခ)ဖြစ်သော ပုဂ္ဂလိက ဘာသာရပ် သင်ကျောင်းအတွက် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းထားသော်လည်း အမျိုးအစား (ဂ) ဖြစ်သော ပုဂ္ဂလိက နိုင်ငံတကာ K–12 သင်ရိုးသင်ကျောင်း နှင့်အမျိုးအစား(ဃ)ဖြစ်သော ပုဂ္ဂလိကနိုင်ငံတကာ အဆင့်မြင့် ပညာရေးသင်ကျောင်းများအတွက် ပညာရေးဆိုင်ရာ တည်ဆဲဥပဒေများ မရှိသဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ပညာရေးဝန်ဆောင်မှု လုပ်ကိုင်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်၍ ဆောင်ရွက်နေခြင်းမှာ ပညာရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုနှင့်ကြီးကြပ်မှု ပြင်ပတွင် ရောက်ရှိနေသဖြင့် သင့်လျော်မှု မရှိကြောင်း တွေ့ရှိရပါသည်။

(ဇ) အမျိုးသားပညာရေးမူဝါဒကော်မရှင်က ၂၂–၈–၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၁၉) ဖြင့် ထုတ်ပြန်၍ ဖွဲ့စည်းသည့် အဆင့်မြင့်ပညာ ပုဂ္ဂလိက

ကျောင်းများ လုပ်ငန်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးဦးစီး ကော်မတီ၏ လုပ်ငန်းတာဝန်အဖြစ် အပိုဒ် (က-၂) အပိုဒ်ခွဲ (၁) တွင် " **အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများကို အမျိုးသားပညာရေးဥပဒေပါ ရည်မှန်းချက်များ၊ ပညာရေးဆိုင်ရာမူဝါဒများ၊ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်၍ တည်ထောင်နိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများ၊ အဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း**" ဟု ပါရှိပါသည်။ ထိုအမိန့်ကြော်ငြာစာအရ အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်းများကို မှတ်ပုံမတင်ဘဲ တည်ထောင်လျှင် ပြစ်ဒဏ် မည်ရွေ့မည်မျှ ချမှတ်ရမည်ဟု အမျိုးသားပညာရေးဥပဒေတွင် မပါရှိပါ။ ထိုအမိန့်ကြော်ငြာစာမှာ ဥပဒေကဲ့သို့ စည်းနှောင်အား (Force of Law) ရှိရန် လိုအပ်ပါသည်။

(ဈ) သို့ဖြစ်၍ ပုဂ္ဂလိကကျောင်းအမျိုးအစား (ဂ) နှင့် (ဃ) တို့ကိုလည်း ပညာရေးဝန်ကြီးဌာနက စီမံခန့်ခွဲသည့် တည်ဆဲဥပဒေ ရှိသင့်သည့်အတွက် ပညာရေးဝန်ကြီးဌာနက စိစစ်ရေးဆွဲလျှက်ရှိသော ပုဂ္ဂလိကကျောင်းဥပဒေ (မူကြမ်း) တွင် အဆိုပါ ပုဂ္ဂလိကကျောင်းအမျိုးအစား နှစ်မျိုးအတွက် သီးခြားလိုက်နာရမည့် အချက်များကိုလည်း ထည့်သွင်းရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းသင့်ပါသည်။

နိဂုံး

၆၃။ ပုဂ္ဂလိကကျောင်းများသည် မြန်မာနိုင်ငံ၏ ပြောင်းလဲလာနေသော လူမှုစီးပွားပုံစံများ၊ တောင့်တလာသော ပညာရေးဆိုင်ရာ အရည်အသွေးပုံစံများ စသည့် အကြောင်းအမျိုးမျိုးကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။ မည်သည့် အကြောင်းအချက်ပေါ် မူတည်၍ ပေါ်ပေါက်လာသည်ဖြစ်စေ အစိုးရကျောင်းများတွင် ရင်ဆိုင်နေရသော ဆရာ နှင့် ကျောင်းသားဦးရေ အချိုးမညီမျှမှု ဟူသော အဓိက စိန်ခေါ်မှုအား တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်မည့် အဖွဲ့အစည်းများဟု မှတ်ယူနိုင်ပါသည်။ ပြည်သူများသည် ၎င်းတို့တတ်နိုင်သော ငွေကြေးပမာဏနှင့် လက်လှမ်းမီမည့် ပုဂ္ဂလိကကျောင်းများတွင် မိမိတို့၏ ကလေးများအား အပ်နှံခြင်းကြောင့် အစိုးရကျောင်းများတွင်

ကျောင်းသားဦးရေ အများအပြား သင်ကြားနေရသော အခက်အခဲအား တစ်နည်းတစ်ဖုံဖြင့် ဖြေရှင်းရာ ရောက်ပါသည်။

၆၄။ ကော်မတီသည် ပုဂ္ဂလိကကျောင်းများတွင် သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးအဆင့်မီရန်၊ အစိုးရကျောင်းများ နှင့် ပုဂ္ဂလိကကျောင်းများရှိ ပညာရေးအဆင့် ကွာဟမှု မရှိစေရန်၊ ကျောင်းသား၊ ကျောင်းသူများ၏ ရုပ်ပိုင်းဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံအာမခံမှု ရှိစေရန်၊ သင်ကြားပေးနေသော ဆရာ၊ ဆရာမများ၏ ဆရာအတတ်ပညာဆိုင်ရာ အရည်အသွေး နှင့်တိုးတက်မှုတို့အား သိရှိရန်နှင့် ပုဂ္ဂလိကကျောင်းများ၏ တာဝန်ခံမှုအားသိရှိရန် ရည်ရွယ် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

၆၅။ သို့ဖြစ်ပါ၍ အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်း (Public–Private Partnership – PPP) ကို ဆောင်ရွက်ခြင်းသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) အကောင် အထည်ဖော်ခြင်းကို ပိုမိုအားကောင်း၍ အထောက်အပံ့ ဖြစ်စေမည် ဖြစ်ပါသည်။ **ထို့ပြင် ယခု အစီရင်ခံစာပါ အချက်များသည်** ပညာရေးဝန်ကြီးဌာနမှ ရေးဆွဲလျက်ရှိသော ပုဂ္ဂလိကပညာရေး ဥပဒေ (မူကြမ်း) တွင် ထည့်သွင်း အသုံးပြုနိုင်မည် ဖြစ်ပါသည်။

ပညာရေးမြှင့်တင်မှုကော်မတီ

ပြည်သူ့လွှတ်တော်

## မှတ်တမ်းဓါတ်ပုံများ



ပုဂ္ဂလိကကျောင်းများနှင့်သက်ဆိုင်သော သတင်းအချက်အလက်ကို အခြေခံသည့် မူဝါဒများဖြစ်ပေါ်လာစေရန် လေ့လာဆန်းစစ်မှုလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ Westminster Foundation for Democracy (WFD) နှင့် ဆွေးနွေးမှုမှတ်တမ်းဓါတ်ပုံ






“ပုဂ္ဂလိက ပညာရေးဥပဒေ(မူကြမ်း)”နှင့်စပ်လျဉ်း၍ အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့်
တွေ့ဆုံဆွေးနွေးမှုမှတ်တမ်းဓါတ်ပုံ






ပုဂ္ဂလိကပညာရေးကဏ္ဍနှင့်စပ်လျဉ်းသည့်ဆွေးနွေးပွဲတက်ရောက်မှုမှတ်တမ်းဓါတ်ပုံ

